စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ပြုစုသည်

# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၀/၂၀၁၉

## ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မင်းဘူးဒေသ ပဲတီစိမ်းစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီးဈေးကောင်းရကြ
- ရန်ကုန်သို့ ကြက်သွန်နီ အဝင်နည်းပြီး ရခိုင်ပြည်နယ်သို့ တင်ပို့မှုများနေ
- နနွင်းတင်ပို့မှု မြင့်တက်သော်လည်း ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေ
- တရုတ်နှင့်ဂျပန်တို့က ဝယ်ယူအားကောင်းလာခြင်းကြောင့် ဂဉဈေးကောင်းရနေ
- မြေပဲနှင့်နှမ်း ပြည်တွင်းပြည်ပဝယ်လိုအားများနေသဖြင့် နေကြာတိုးချဲ့စိုက်ပျိုး
- ခရမ်းချဉ်သီးဈေးကောင်းရရှိသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေ
- မကွေးတိုင်းထွက် တန်းလျက်များကို ကာလပေါက်ဈေးအတိုင်း ဝယ်ယူ၍ ပြည်ပပို့မည်
- ပင်လယ်ငါးစည်ဖောင်းများ ပြည်ပကမှာယူမှုကြောင့် ရောင်းအားမြင့်တက်လာ
- ပွင့်လင်းရာသီတွင် ငါးခြောက်ဈေးနှုန်းကျဆင်းနိုင်

### နိုင်ငံတကာဈေးကွက်

- ၁၂ နှစ်တာကာလအတွင်း ဗီယက်နမ်ဆန်ဈေး အနိမ့်ဆုံးသို့ကျဆင်း
- တရုတ်နိုင်ငံမှ အာလူးမျိုးသန့် တန်ချိန် တစ်ထောင်ဝန်းကျင် တင်သွင်းသွားမည်
- ကမ္ဘာ့အကြီးဆုံး ရော်ဘာတင်ပို့သူဖြစ်လာတဲ့ ထိုင်း

### ပြည်တွင်းကုန်သွယ်မှုသတင်း

- မြေပဲ၊ နှမ်းဆီထွက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ
- ကိုရီးယားကော်ပိုရေးရှင်းတစ်ခုက ဆန်ကြိတ်ခွဲစက်ရုံကို တွံတေးတွင် ဖွင့်လှစ်

### ပြည်ပကုန်သွယ်မှုသတင်း

- အီးယူဈေးကွက်တွင် မြန်မာ့ဆန်ဈေးကွက် ပိုမိုရရှိနိုင်ရန် သွားရောက်ဆွေးနွေးမည်
- မြန်မာ့ကော်ဖီကို ဂျပန်နှင့် အင်္ဂလန်နိုင်ငံများသို့ တိုက်ရိုက်ချိတ်ဆက် တင်ပို့နိုင်ရေးဆောင်ရွက်နေ
- သရက်ကို တရုတ်ကိုသာမက နိုင်ငံတကာသို့ ပို့နိုင်ရန်လိုအပ်နေ

### အထူးဆောင်းပါးများ

- ဆေးခြောက်နွယ်ဝင်လျှော်ပင် (Hemp)ကို စီးပွားဖြစ် တရားဝင်စိုက်ပျိုးနိုင်ရန် လွှတ်တော်ကော်မတီကြိုးပမ်း
- တန်ဖိုးထားသင့်သော မြန်မာ့ငါး


### ကုန်သွယ်မှုအခြေအနေ

### ကုန်စည်ဈေးနှုန်းများ

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၈၈၂၉၇
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆
http://www.myantrade.org
myantradetir2016@gmail.com

## မင်းဘူးဒေသ ပဲတီစိမ်းစိုက်တောင်သူများ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရကြ

မကွေးတိုင်းဒေသကြီး မင်းဘူးဒေသတွင် ယခုအခါ ပဲတီစိမ်းများထွက်ရှိနေပြီဖြစ်ရာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနေသောကြောင့် ပဲတီစိမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်းသိရသည်။ ယမန်နှစ်ပဲတီစိမ်း သီးနှံထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၂၆၀၀၀ ဈေးသာရှိခဲ့ပြီး ယခုနှစ်သီးနှံထွက်ရှိချိန်တွင် တစ်တင်းလျှင် ကျပ် ၃၂၀၀၀ အထိ ဈေးမြင့်တက်ခဲ့သည်။ " ကျွန်တော်ဒီနှစ် ပဲတီစိမ်း ငါးကေကျော်လောက် စိုက်ပျိုးခဲ့တယ်။ ယခုနှစ်စောစော မိုးကောင်းခဲ့တာကြောင့် သီးနှံအထွက်လည်း ကောင်းခဲ့ပါတယ်။ တစ်ဧက ၁၅ တင်းကျော်ခန့် ထွက်ရှိခဲ့တယ်။



မနှစ်ကသီးနှံပေါ်စမှာ ဈေးမကောင်းခဲ့ပေမယ့် ယခုနှစ်သီးနှံပေါ်စမှာတော့ တစ်တင်းကို ကျပ် ၃၂၀၀၀ အထိရောင်းချရတယ်။ စိုက်ပျိုးတဲ့သီးနှံမျိုးစရိတ်၊ မြေပြင်စရိတ်၊ မြေဩဇာစရိတ်၊ အလုပ်သမား စရိတ်တွေ ကုန်ကျမှုများပြားတာကြောင့် ယခုလိုသီးနှံပေါ်ချိန် ဈေးကောင်းရမှ တောင်သူတွေ အဆင်ပြေကြတာပါ"ဟု မင်းဘူးမြို့နယ် မောင်းမကန်ကျေးရွာမှ ပဲတီစိမ်း စိုက်တောင်သူ ဦးစန်းဦးက ပြောသည်။

ဒေသခံတောင်သူများ အခက်အခဲကြုံတွေ့နေသည်မှာ သုံးနှစ်၊ လေးနှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ စိုက်သမျှသီးနှံတွေ ပေါ်ပြီ၊ ထွက်ပြီဆိုပါက သီးနှံဈေးတန်းများ ကျဆင်းကုန်ကြောင်း၊ စိုက်ချိန်၊ ပျိုးချိန်များ၌ သီးနှံဈေးကောင်းသဖြင့် တောင်သူများက အားပြုစိုက်ပျိုးခဲ့ကြသော်လည်း သီးနှံများထွက်ရှိချိန်၌ ဈေးတန်းများကျဆင်းခဲ့၍ ယမန်နှစ်ကအထိ တောင်သူများ မျက်ဖြူဆိုက်ခဲ့ကြကြောင်း၊ သီးနှံများထွက်ရှိချိန်၌ ဈေးတန်းမှန်မှ တောင်သူများအတွက် အသက်ရှုချောင်ကာ အဆင်ပြေကြမည်ဖြစ်ကြောင်း ၄င်းကရှင်းပြသည်။ မင်းဘူး(စကု)မြို့နယ်အတွင်း ယမန်နှစ်က ပဲတီစိမ်းသီးနှံ ၅၃၇၉၈ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ်တွင် ၆၈၉၃ ဧကသာစိုက်ပျိုးနိုင်ခဲ့ကြောင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

" ကျွန်တော်တို့ဒေသမှာက သီးနှံစိုက်ချိန်ဆို မျိုးဈေး၊ သီးနှံဈေးကကောင်းပြီး သီးနှံထွက်ပြီဆို ဈေးတွေကထိုးကျတာ သုံးနှစ်၊ လေးနှစ်ခန့်ရှိပြီဖြစ်ပါတယ်။ အဲဒီလိုတွေဖြစ်ခဲ့ကြတော့ တောင်သူတွေလည်း စိုက်ဧကတွေလျှော့ပြီး စိုက်ပျိုးကြရတာပေါ့။ ရာသီဥတုက မမှန်၊ သီးနှံကလည်းမကောင်းတော့ ငွေချေးငှားပြီး စိုက်ရတဲ့တောင်သူတွေအဖို့ အကြွေးနွံထဲနစ်ကုန်ကြတာပေါ့။ ယခုလိုသီးနှံတွေပေါ်စမှာ ဈေးကောင်းရမယ်ဆိုပါက တောင်သူတွေဘက် စိုက်ဧကတွေတိုးပြီး စိုက်ပျိုးလာကြမှာပါ"ဟု မင်းဘူးမြို့နယ် ရေမျက်ကျေးရွာနေ ပဲတီစိမ်းစိုက်တောင်သူ ကိုအောင်နိုင်က ပြောဆိုသည်။

Source: https://myanmar.mmtimes.com/news/128469.html

## ရန်ကုန်သို့ ကြက်သွန်နီ အဝင်နည်းပြီး ရခိုင်ပြည်နယ်သို့ တင်ပို့မှုများနေ

ပြည်ပသို့ကြက်သွန်နီအနည်းငယ်သာတင်ပို့နေရပြီး ရန်ကုန်မြို့သို့ ကြက်သွန်နီအဝင်နည်းကာ ရခိုင်ပြည်နယ်သို့ တင်ပို့မှုများနေကြောင်း မြန်မာနိုင်ငံကြက်သွန်နီ၊ ကြက်သွန်ဖြူ စားဖိုဆောင်သီးနှံများ စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချ သူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်၏ ပြောကြားချက်အရ သိရသည်။လတ်တလောတွင် ကြက်သွန်နီကိုပြည်ပဝယ်လိုအားနည်းနေသဖြင့်စက်တင်ဘာ ၁၅ ရက်က တစ်ပိဿာ လျှင် ငွေကျပ် ၇၅ ကျပ်ဈေးနှုန်းကျဆင်းသော်လည်း စက်တင်ဘာ ၁၆ ရက်တွင်ကြက်သွန်နီအဝင်နည်းသည့်အတွက်တစ်ပိဿာလျှင်၂၅ ကျပ် ပြန်လည်မြင့်တက်လာသည်။ "အရောင်းအဝယ်သဘောအရ ဈေးအတက်အကျဖြစ်တာပါ။ ဒီရက်ပိုင်းမှာ ရခိုင်ပြည်



နယ်ဘက်ကို တင်ပို့မှုများနေတယ်။ ပြည်ပကိုတော့ တင်ပို့နိုင်မှုနည်းနေတယ်"ဟု ဦးခင်ဟန်က ပြောသည်။ ထို့ပြင် ဘုရင့်နောင် ဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီးအပြင် မြစ်ဝကျွန်းပေါ်ဒေသ၊ မြိတ်၊ ထားဝယ်၊ ဘားအံစသည့်ဒေသတို့ သို့ တင်ပို့လေ့ရှိကြောင်း သိရသည်။"အရောင်းအဝယ်က ပုံမှန်လောက်ပဲဖြစ်နေတယ်။ ဝင်တာကတော့ နယ်စုံက ဝင်နေတယ်"ဟု ဘုရင့်နောင်ဈေးကွက်ရှိ အောင်ရတနာပွဲရုံမှ မန်နေဂျာဦးလှမောင်ကပြောသည်။ လတ်တလော တွင် ဘုရင့်နောင် ဈေးကွက် သို့ ဆိပ်ဖြူ၊ မြင်းခြံ၊ ပခုက္ကူ၊ မုံရွာ၊ တောင်တွင်းကြီး၊ မင်းဘူး၊ မိတ္ထီလာ စသည့်ဒေသ တို့မှ ကြက်သွန်နီများ ဝင်ရောက် လျက်ရှိသည်။ စက်တင်ဘာ ၁၆ ရက်က ဘုရင့်နောင် ကုန်စည်ဒိုင်သို့ နယ်စုံမှ ကြက်သွန်နီကားအစီးရေ ၂၅ စီး ဝင်ရောက်ပြီး ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၉၀၀ အထိရှိကြောင်း သိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2344-export-onion-to-rakhine.html?

## နနွင်းတင်ပို့မှု မြင့်တက်သော်လည်း ဈေးနှုန်းများ ဆက်တိုက်ကျဆင်းနေ

ပြည်ပသို့နနွင်းတင်ပို့မှု တိုးတက်လာသော်လည်း ဈေးနှုန်းဆက်တိုက်ကျဆင်းမှုများ ဖြစ်ပေါ်နေကြောင်း ကုန်သည်များထံမှသိရသည်။ "တစ်ပတ်ကို တန် ၂၀၀ ကနေ ၂၈၀ လောက်တင်ပို့လာနိုင်ပေမယ့် ဈေးက ဆက်တိုက်ကျဆင်းနေတာ နှစ်လလောက်ရှိနေပြီ။ အရင်က တစ်တန်ကို ကန်ဒေါ်လာ ၉၃၀ ကနေ ၉၅၀ ကြား ရှိတာကနေ အခုအမြင့်ဆုံးဈေး ကန်ဒေါ်လာ ၈၈၀ ဝန်းကျင်လောက်ပဲရှိတယ်။ နနွင်းသုံးစွဲတဲ့နိုင်ငံတွေမှာလည်း သူတို့ဆီမှာ စတင်ထွက် ပေါ်ချိန်ဖြစ်တာကြောင့် လျော့နည်းဝယ်ယူကြတယ်။ အိန္ဒိယနဲ့ ယီမင်ကတော့ နည်းနည်းတော့ ပိုဝယ်တယ်"ဟု တောင်ကြီးရှိနနွင်းကုန်သည်တစ်ဦးကပြောသည်။

လက်ရှိပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ တစ်ပတ်လျှင် အိန္ဒိယသို့ နနွင်းတန်ချိန် ၁၄၀ ခန့်၊ ယီမင် နိုင်ငံသို့ တန်ချိန် ၄၀ ကျော်နှင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ စင်ကာပူ၊ ယူအေအီး၊ ဘူလ်ဂေးရီးယား၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ အီရန်နှင့် တောင်ကိုရီးယားသို့တင်ပို့ပြီး နှစ်စဉ် ကန်ဒေါ်လာ ၁၀ သန်းကျော် ရရှိကြောင်းသိရသည်။ "ကျောက်ဆည်က ထွက်တဲ့နနွင်းရဲ့အရည်အသွေးက တခြားဘယ်ဒေသနဲ့မှမတူဘဲ အရည်အသွေးပို ကောင်းတယ်။ နနွင်းအစိုတစ်ပိဿာကို ကျပ်၂၀၀၀ ဈေးဖြတ်ဝယ်တယ်။ ပြည်ပပို့ရန် အစိုရော၊ အခြောက်ရော နှစ်မျိုးလုံးပို့တယ်။ တချို့ကုန်သည်တွေက ဒေသအလိုက် ပေါက်ဈေးဖြတ်ပြီး သိုလှောင်ဖို့ ဝယ်ယူတယ်"ဟု အောင်ပန်းရှိ ချင်း၊ နနွင်းကုန်သည် ဦးစိုင်းခင်မောင်က ပြောသည်။

နနွင်းအများဆုံးစိုက်ပျိုးသောမြို့နယ်မှာ မန္တလေးတိုင်းဒေသကြီးရှိ ကျောက်ဆည်ခရိုင်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ ပင်လောင်းနှင့် ကလော၊ အောင်ပန်းမြို့သို့တင်ပို့ပြီး ၎င်းကတစ်ဆင့် ပြည်တွင်းတင်ပို့မှုအဖြစ် ရန်ကုန်၊ စစ်တွေ၊ မန္တလေးနှင့် အခြားဈေးကွက်သို့ဖြန့်ဖြူးရောင်းချကြောင်း သိရသည်။

ပြည်ပနိုင်ငံများက နနွင်းကို ဟင်းခတ်အမွှေးအကြိုင်များ၊ တိုင်းရင်းဆေးဝါးများနှင့် အလှကုန်ပစ္စည်း များဖော်စပ်ရာတွင် သုံးစွဲကြပြီး တင်သွင်းမှုအများဆုံးနိုင်ငံများမှာ အမေရိကန်၊ တရုတ်၊ ဂျာမနီ၊ ဂျပန်၊ ပြင်သစ်၊ နယ်သာလန်၊ အီတလီနှင့် အိန္ဒိယတို့ဖြစ်ကြောင်း သိရသည်။ Source: https://www.thefarmermedia.com/news/13834

## တရုတ်နှင့် ဂျပန်တို့က ဝယ်လိုအားကောင်းလာခြင်းကြောင့် ဝဥဈေးကောင်းရနေ

တရုတ်နှင့် ဂျပန်နိုင်ငံတို့က မြန်မာနိုင်ငံက ဝဥများကို ဝယ်ယူမှု များပြားနေသည့် အတွက် ဈေးကောင်းရနေကြောင်း မန္တလေးမြို့ရှိပွဲရုံများထံမှသိရသည်။ လက်ရှိအချိန်တွင် ဝဥများ စတင်ထွက်ရှိလာပြီဖြစ်ပြီး ယခုနှစ်တွင်အထွက်နှုန်း နည်းနေခြင်းကြောင့်လည်း ဈေးကောင်းရနေခြင်းဖြစ်ကြောင်း သိရ သည်။"ဒီနှစ်က စပေါ်ချိန်မှာပဲ တရုတ်နဲ့ ဂျပန်နိုင်ငံတွေက ဝယ်ယူတာ လိုက်လာလို့အဖွင့်ဈေးကောင်းရတယ်လို့ ပြောရမယ်။ ဒါ့ပြင် အထွက်နှုန်းက နည်းတော့ ဈေးပိုရတာ ဖြစ်တယ်။ ဝဥမှာ အကောင်းဆုံးဖြစ်တဲ့ ဝဥခြောက် အဝါရောင် ဆိုရင် ဒီနှစ်မှာတစ်ပိဿာကို ကျပ် ၁၀၇၀၀ အထိ အမြင့်ဆုံးဈေး ရရှိနေပါတယ်"ဟု အောင်မျိုးနိုင် ပွဲရုံပိုင်ရှင် ဦးမျိုးမြင့်က ပြောသည်။ ယခင်နှစ် စက်တင်ဘာလက ဝဥခြောက် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ သာ ရှိခဲ့ရာမှ ယခုနှစ်တွင် ကျပ် ၁၀၇၀၀ အထိ ဈေးရရှိနေသည်။ ဝဥခြောက် တစ်ပိဿာ ဈေးနှုန်းများမှာ ဝဥအဝါရောင် ကျပ် ၁၀၇၀၀၊ အဖြူရောင် ကျပ် ၁၀၀၀၀၊ အနီရောင်ကျပ် ၉၀၀၀ ရှိကြောင်း သိရသည်။



"ဒေသပေါင်းစုံကထွက်တဲ့ ဝဥတွေ ဈေးကွက်ထဲကို ဝင်လာပြီဖြစ်တယ်။ မနှစ်ကလောက် ထွက်နှုန်း မကောင်းပေမယ့် အဝယ်က ဒီနှစ်မှာများတော့ စိုက်တဲ့သူတွေ အဆင်ပြေကြတာပေါ့။ ဒါတောင် တရုတ်လိုင်းက ကောင်းကောင်း မပွင့်သေးလို့ အဲလိုပွင့်လာရင် ဒီထက်ဈေးကကောင်းလာနိုင်မယ်ထင်တယ်"ဟု ၎င်းက ဆက်လက် ပြောသည်။ ဝဥပင်ကို မြစ်ကြီးနား၊ ကသာ၊ ထီးချိုင့်၊ ဗန်းမော်၊ ဝန်းသိုနှင့် မော်လမြိုင်မြို့တို့တွင် စိုက်ပျိုးပြီး နှစ်စဉ် ဩဂုတ်လမှ အောက်တိုဘာအတွင်း ထွက်ရှိသည်။

ချင်းပြည်နယ်တွင်မူ စက်တင်ဘာလတွင် စိုက်ပျိုးကာ ဇန်နဝါရီလကုန်ပိုင်းတွင် ထွက်ရှိကြောင်း သိရသည်။ "ဒီနှစ်ကတော့ မနှစ်ကမရသေးတဲ့ ဈေးနှုန်းကိုရရှိတာဖြစ်သလို စံချိန်တင်ဈေးနှုန်း တစ်ခုအနေ နဲ့လည်း ရရှိနေတယ်။ ဝဥက အလေ့ကျပေါက်တာပဲဖြစ်ဖြစ်၊ သေသေချာချာ စိုက်ပျိုးထားတာပဲဖြစ်ဖြစ် တူးပြီး ခွဲခြမ်း အခြောက်လှန်းပြီးတော့ ဈေးကွက်ထဲ

ရောင်းလို့ရတဲ့သီးနှံ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့လည်း အပိုဝင်ငွေ တစ်ခုအနေနဲ့ ရှာဖွေနိုင်တာပေါ့”ဟု မန္တလေးမြို့ရှိ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။
https://www.facebook.com/thefarmermedia/posts/2455904111190427?__tn__=K-R

## မြေပဲနှင့် နှမ်း ပြည်တွင်းပြည်ပ ဝယ်လိုအား များနေသဖြင့် နေကြာ တိုးချဲ့စိုက်ပျိုး

ဆီထွက်သီးနှံများဖြစ်သည့် မြေပဲနှင့်နှမ်းတို့ကို ပြည်တွင်းပြည်ပဝယ်လိုအားများလာသော ကြောင့် ကုန်ကြမ်းရှားပါးလာသည့်အပြင် ပြည်တွင်း၌လည်း နေကြာဆီ သုံးစွဲမှုများလာသဖြင့် တောင်သူများက နေကြာတိုးချဲ့ စိုက်ပျိုးနေကြောင်း မြန်မာနိုင်ငံ ဆီစက်လုပ်ငန်းရှင်များ အသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်း၌ မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို ကြိတ်ခွဲ၍ စားသုံးဆီအဖြစ် အသုံးပြုလေ့ ရှိကြ သော်လည်း လတ်တလော နှမ်းနှင့် မြေပဲကို ပြည်ပသို့တင်ပို့မှု များနေသည့် အတွက် ကုန်ကြမ်းရှားပါးမှုများ ရှိနေသည်။ ထို့ပြင် မြေပဲဆီ တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၈၀၀၀ အထိဈေးနှုန်းရှိပြီး နေကြာဆီတစ်ပိဿာလျှင်ကျပ် ၃၀၀၀ မှ ၄၀၀၀ ဝန်းကျင်သာရှိကာ မြေပဲဆီနှင့် ဈေးနှုန်းထက်ဝက်ခန့် ကွာခြားသောကြောင့် နေကြာဆီစားသုံးမှုများလာ ကြောင်းသိရသည်။ ထိုသို့ နေကြာဆီ စားသုံးမှုများလာခြင်းကြောင့် ပြီးခဲ့သည့်နှစ်က ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီး မြို့၌ စံပြစိုက်ကွက်အဖြစ် ဧက ၂၀ စိုက်ပျိုးခဲ့ရာမှ ယခုနှစ်တွင် ယင်းဒေသ၌ နေကြာစိုက် ဧက ၂၀၀ အထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိပြီး နောက်ပိုင်းတွင်လည်း ဆီထွက်သီးနှံကဏ္ဍ တစ်ဖက်တစ်လမ်းမှ ဖူလုံမှုရှိစေရန် တိုးချဲ့ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။



နေကြာကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့၌ အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်းတိုင်းဒေသကြီး ကလေးနှင့် တမူးဒေသတို့၌လည်း စိုက်ပျိုးကြကာ ဧက ခုနစ်သိန်းမှ ရှစ်သိန်း ဝန်းကျင်အထိ ရှိကြောင်း သိရသည်။ Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2349

## ခရမ်းချဉ်သီးဈေးကောင်း ရရှိသဖြင့် စိုက်ပျိုးတောင်သူများ အဆင်ပြေ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ် ညောင်ပင်သာကျေးရွာ၌ စိုက်ပျိုးသည့် ခရမ်းချဉ်သီး ဈေးကောင်း ရသဖြင့် စိုက်ပျိုးသူတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ မှ ၁၂၀၀ ကြားရရှိပြီး ထိုသို့ဈေးကောင်းရရှိစေရန် ဖွန်လတွင် စတင်စိုက်ပျိုးသည်။ ခရမ်းချဉ်သီး ဈေးကောင်းရရှိစေရန် စောစိုက်သော်လည်း ပိုးမွှားဒဏ် ခံရသဖြင့် မစိုက်ခင်ကတည်းက ပိုးမွှားဒဏ်မှ ကာကွယ်ထားရကြောင်း၊ ပိုးမွှားကျပါက အပင် မသေသော်လည်း အသီးမရကြောင်း၊ ဩဂုတ်လတွင် စိုက်သည့် အပင်များမှာ အသီးကောင်းကောင်းရသော်လည်း စိုက်ပျိုးချိန် နောက်ကျသည့် အတွက် ဈေးကောင်း ရရန် မသေချာကြောင်း သိရသည်။



ခရမ်းချဉ်သီးမျိုးထုပ် တစ်ထုပ်လျှင် မျိုးစေ့ ၁၅၀၀ ကျော်ပါဝင်ပြီး စိုက်ပျိုးသည့် အချိန်တွင် အပင် ၁၀၀၀ ခန့်သာ အောင်မြင်ကြောင်း၊ ခရမ်းချဉ်သီးမျိုး များစွာအနက် အပူဒဏ်ခံနိုင်သည့် ၉၀၉ မျိုးကိုသာ အဓိကထား စိုက်ပျိုးကြကြောင်း သိရသည်။
Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2354-the-prices-for-tomatoes-grown-by-farmers-friendly.html?

## မကွေးတိုင်းထွက် ထန်းလျက်များကို ကာလပေါက်ဈေးအတိုင်းဝယ်ယူ၍ပြည်ပပို့မည်

Zawgyi Agri Trade ကုမ္ပဏီက မကွေးတိုင်းဒေသကြီးကထွက်ရှိသည့် ထန်းလျက်များကို ကာလပေါက်ဈေး အတိုင်း ဝယ်ယူပြီးပြည်ပသို့ တင်ပို့မည်ဖြစ်ကြောင်းသိရသည်။ မကွေး၊ ရေနံချောင်းနှင့် ချောက်မြို့နယ်များမှ ထန်းတောင်သူများကို ဖိတ်ကြား၍ထန်းလျက်ကဏ္ဍ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ဖော်ထုတ်သတ်မှတ်ခြင်း၊ ဈေးကွက်စနစ် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း အကောင်ထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် ပေါင်းစုလုပ်အား အကူအညီ ပေးရေးအဖွဲ့ (NAG) က ဦးဆောင်၍ Zawgyi Agri Trade ကုမ္ပဏီ တာဝန်ရှိသူများနှင့် ထန်းလျက်ချက် တောင်သူများ စက်တင်ဘာ ၁၀ ရက်က

တွေ့ဆုံဆွေးနွေးခြင်း ဖြစ်သည်။ ထန်းတောင်သူများက ထန်းလျက်ကို ကုမ္ပဏီ၏ သတ်မှတ် စံချိန်စံညွှန်းအတိုင်း ပြုလုပ်ပေးရန် လိုအပ်ကြောင်း Zawgyi Agri Trade ကုမ္ပဏီက တာဝန်ရှိသူ ဦးစိုးမိုးပြည့်စုံက ပြောသည်။



“ကျွန်တော်တို့အဖွဲ့ ပူးပေါင်းမယ်ဆိုလို့ရှိရင် နည်းလမ်းလေးတွေ ပြောပြမယ်။ ဒီထန်းလျက်ကို ဘယ်လိုရောင်းရမယ်၊ ဘယ်လိုထုတ်ရမယ်၊ ဘယ်နေရာကိုတင်ပို့ပြီး ရောင်းချရမယ်။ ချက်တဲ့နည်းကို တောင်သူ အဆင်ပြေတဲ့အထိ ထန်းလျက်ချက်တဲ့ တဲထဲအထိ အရောက်လာပေးမယ်”ဟု ၎င်းက ပြောသည်။ ထန်းဈေးကွက်ကို မြှင့်တင်ပေးခြင်းဖြင့် ထန်းတက်သည့် မိသားစုများ၏ အခက်အခဲများ ဖြေရှင်းပေးနိုင်မည်ဖြစ်ပြီး အဆိုပါ ကုမ္ပဏီက ထန်းလျက်ဈေးနှုန်း တည်ငြိမ်အောင် ကူညီပေးနိုင်ရန် တောင်သူများကမျှော်လင့်ကြသည်။ ပေါင်းစုလုပ်အား အကူအညီပေးရေးအဖွဲ့ (NAG) မကွေးတိုင်း ညှိနှိုင်းရေးမှူး ဦးဇော်ဒွေးဦးက “စိတ်ပါဝင်စားလို့ ပူးပေါင်းလာမယ်ဆိုရင် ထန်းသမားအာမခံအတွက် ကျွန်တော်တို့ လုပ်ပေးဖို့ရှိပါတယ်။ နောက်တစ်ခါချေးငွေနဲ့ ပတ်သက်တဲ့ ရန်ပုံငွေ ကျေးရွာတွေမှာလုပ်ပေးနိုင်ဖို့ ကြိုးစားနေတာ ရှိပါတယ်။ ဒါကဝင်ငွေတင်မဟုတ်ဘဲ မိသားစုအရေးကိစ္စတွေပါ သုံးတတ်လာအောင် သူတို့သုံးစွဲခွင့်ရအောင် ဝိုင်းပြီးတော့ ဖြေရှင်း လို့ရအောင် ကူညီပေးတာဖြစ်ပါတယ်။ အဲဒီအတွက် ကြိုးစားနေပါ တယ်”ဟု ပြောသည်။ ထန်းလုပ်ကိုင်သူများသည် ထိုင်း၊ မလေးရှားနှင့် တောင်ကိုရီးယားနိုင်ငံများသို့ အလုပ်ထွက် လုပ်ကိုင်နေကြသဖြင့် ထန်းပင်တက်သူ မရှိသလောက် ဖြစ်လာပြီး ထန်းလျက်ဈေးကွက်ပါ ပျက်ပြားနေကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်၊ သပွတ်စုကျေးရွာမှ ထန်းတောင်သူ ဦးညွန့်လှိုင်က“ဇော်ဂျီကုမ္ပဏီပဲဖြစ်ဖြစ်၊ ရောင်းဝယ်သမားပဲ ဖြစ်ဖြစ် အဓိက အခြေခံကျတာက ထန်းသမားပဲဖြစ်ပါတယ်။ တဖြည်းဖြည်းနဲ့ ထန်းသမားက လျော့နည်းနေတယ်။ ထန်းသမားတွေပျောက်မသွား အောင် ဘယ်လိုကာကွယ်မလဲဆိုတာ အရေးကြီးတယ်”ဟု ပြောသည်။ မကွေးမြို့နယ်မှ ထန်းတောင်သူ တစ်ဦးက “ကျွန်တော်တို့ဒေသမှာ ထန်းရည်၊ ထန်းလျက်က အများအပြား ထွက်ရှိတယ်။ ဒါကြောင့်မို့ NAG အဖွဲ့အနေနဲ့က ထန်း တောင်သူတွေကို အရင်းအနှီးထုတ်ပေးပြီး ကူညီပံ့ပိုးပေးဖို့ လိုအပ်တယ်”ဟု ပြောသည်။

Sourch: https://www.facebook.com/thefarmermedia/?epa=SEARCH_BOX

## ပင်လယ်ငါးစည်ဖောင်းများ ပြည်ပကမှာယူမှုကြောင့် ရောင်းအားမြင့်တက်လာ

ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ကထွက်ရှိသည့် ပင်လယ်ငါးစည်းဖောင်းများကို ယခုလအတွင်း ပြည်ပက မှာယူမှုများနေပြီး ရောင်းအားများ မြင့်တက်လာကြောင်း ဒေသတွင်း ငါးစည်ဖောင်းခြောက်ထုတ်လုပ်ရောင်းချသည့် ကုန်သည်များထံမှ သိရသည်။ “ဖျာပုံ ငါးစည်ဖောင်းဈေးကွက်ကလည်း အခုရက်ပိုင်းအတွင်း အရောင်းအဝယ်တော်တော် လေးတက်နေပါတယ်။ မနှစ်တုန်းကတော့ ရန်ကုန်ဈေးကွက်တစ်ခုတည်းကို အားထားခဲ့ရတာပါ။ ဒီနှစ်စက်တင်ဘာလဆန်း ကစတင်ပြီး နိုင်ငံခြားတင်ပို့မှုတွေများလာတော့ ဈေးကွက်တက်လာတဲ့အခြေအနေဖြစ်ပါတယ်”ဟု ဖျာပုံမြို့က ငါးစည်ဖောင်း ကုန်သည် ဦးမြင့်ကျော်က ပြောသည်။

ဖျာပုံမြို့နယ်ရှိ ငါးစည်ဖာင်းလုပ်ငန်း လုပ်ကိုင်သူများသည် ပင်လယ်ငါးစည်းဖောင်းများကို ပင်လယ်ငါးများဖြစ်သည့် ငါးရွှေ၊ ငါးနတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင်၊ ငါးရွှဲ၊ ငါးခတ်ကူ စသည့်ငါးများ၏ ဝမ်းဗိုက်ခွဲကာအတွင်းက စည်ဖောင်း များကိုအခြောက်ခံပြီး ပလပ်စတစ်ဘူးဖြင့်ထည့်ကာ တင်ပို့ရောင်းချကြောင်း ၎င်းလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။ ငါးစည်းဖောင်းများကို ပြည်တွင်းစားသောက်ဆိုင်များ၊ ဟိုတယ်များက ဝယ်ယူကြသလို ဒေသတွင်းမြို့နယ်များ၊ ရန်ကုန်မြို့နှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကတစ်ဆင့် တရုတ်၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်း၊ ဂျပန်၊ စင်ကာပူ စသည့်နိုင်ငံများကိုလည်း တင်ပို့ရောင်းချကြကြောင်း သိရသည်။ “နိုင်ငံခြားကအထိ ဝယ်လိုအားတွေ တက်လာတော့ လုပ်ငန်းရတာဈေးကွက် တွင်ကျယ်လာတယ်လို့ ပြောချင်ပါတယ်။ ခိုင်မာတဲ့ဈေးကွက်တစ်ခုဖြစ်လာရင်တော့ ဒေသဈေးကွက်နဲ့ယှဉ်တဲ့အခါ ဈေးပိုရ တာပေါ့။ လက်ရှိဈေးကွက်ကျယ်လာပေမယ့် ရောင်းဈေးကတော့ပုံမှန်ပါပဲ”ဟု ဖျာပုံမြို့က ငါးစည်ဖောင်း ထုတ်လုပ် ရောင်းချသူ ဒေါ်မိုးသူဇာကပြောသည်။

ဖျာပုံမြို့နယ်တွင် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၀၅၀၀၀၊ ငါးနတ်ကတော် ငါးစည်ဖောင်း ခြောက်တစ်ပိဿာလျှင် ကျပ် ၅၄၀၀၀၊ ငါးရွှဲငါးစည်ဖောင်းခြောက်တစ်ပိဿာလျှင် ကျပ်၂၉၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်း

ခြောက် တစ်ပိဿာလျှင် ကျပ် ၁၇၀၀၀၊ ငါးရောင်ငါးစည်းဖောင်းခြောက် တစ်ပိဿာလျှင် ကျပ်၂၂၀၀၀၊ ငါးခတ်ကူငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ကျပ် ၁၁၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

Source: the farmer Journal

## ပွင့်လင်းရာသီတွင်ငါးခြောက်ဈေးနှုန်းကျဆင်းနိုင်

လက်ရှိတွင် ငါးပိငါးခြောက်ပြုလုပ်သည့်ကုန်ကြမ်းများ ဈေးကွက်အတွင်း ပြန်လည်ဝင်ရောက်လာသည့်အတွက် လာမည့်ပွင့်လင်းရာသီတွင် ငါးခြောက်ဈေးနှုန်းများ ကျဆင်းလာနိုင်ကြောင်း မြန်မာနိုင်ငံငါးပိငါးခြောက်ငံပြာရည် ထုတ်လုပ်ရောင်းဝယ်သူများအသင်း အတွင်းရေးမှူး ဦးထွန်းစိန်၏ ပြောဆိုချက်အရ သိရသည်။



"ငါးမဖမ်းရရာသီ သုံးလမှာ ငါးမဖမ်း ရတော့ အခုငါးဖမ်းလေ့တွေ ထွက်လို့ရပြီဆိုတော့ ငါးပေါပေါများများရပြီ။ နောက်နှစ်လဆိုရင် ငါးခြောက်ကောင်းကောင်း ရနိုင်ပြီ။ ဈေးကွက်ထဲကို ကုန်ကြမ်းများများ ဝင်လာတော့ ငါးခြောက်ဈေးနှုန်းကျလာ မှာပါ"ဟု ဦးထွန်းစိန်ကပြောသည်။

ယခုနှစ်တွင် ငါးမဖမ်းရရာသီကို သုံးလပိတ်ထားသည့်အတွက် ငါးခြောက်ပြုလုပ်ရန် မွေးမြူရေး ရေချို ငါးတန်ကို အသုံးပြုနေရခြင်းကြောင့် ကုန်ကြမ်းရှားသည့်အတွက် မိုးရာသီတွင် ငါးခြောက်ဈေးနှုန်း နှစ်ဆခန့် မြင့်တက်သွားခြင်း ဖြစ်သည်။ "ပင်လယ်ငါး တော်တော် များများကို ငါး ပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်တယ်။ ငါးမဖမ်းရရာသီကို သုံးလပိတ်လိုက်တော့ လုပ်ငန်းရှင်တွေထိခိုက်တယ်။ ကုန်ကြမ်း ပြတ်လပ်တဲ့အတွက် ငါးခြောက်လုပ်ငန်းလုပ်ကိုင်သူတွေလုပ်ငန်း ထိခိုက်တယ်"ဟု ဦးထွန်းစိန်ကပြောသည်။ ယခုနှစ်တွင် ငါးမဖမ်းရရာသီကို ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက် အထိ သုံးလပိတ်လိုက်သောကြောင့် ကုန်ကြမ်းပြတ်လပ်မှု များဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ စက်တင်ဘာ ၁ ရက်မှစကာ ငါးဖမ်း စက်လှေများပြန်လည်ထွက်ခွာခွင့်ရရှိပြီဖြစ်၍ ဈေးကွက်အတွင်း ငါးပေါများစွာ ရရှိနိုင်မည်ဖြစ်ကြောင်းသိရသည်။

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2335

# နိုင်ငံတကာဈေးကွက်

## ၁၂ နှစ်တာကာလအတွင်း ဗီယက်နမ်ဆန်ဈေး အနိမ့်ဆုံးသို့ ကျဆင်း

ဆန်ဝယ်လိုအား ကျဆင်းနေတဲ့အတွက် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ဒုတိယပတ်မှာတော့ ဗီယက်နမ်ဆန်ဈေးဟာ ၁၂ နှစ်တာကာလ အတွင်းမှာ အနိမ့်ဆုံးနှုန်းကို ကျင်းဆင်းသွားခဲ့ပါတယ်။ အိန္ဒိယ မှာတော့ ရူပီးဈေးတွေ တက်နေတဲ့အတွက် အိန္ဒိယ ဆန်ဈေးလည်း တက်နေပါတယ်။

ဗီယက်နမ်ရဲ့ ဆန်ကွဲ ၅ ရာခိုင်နှုန်းပါတဲ့ ငါးမှတ်ဆန်ကတော့ တစ်တန်ကို အမေရိကန်ဒေါ်လာ ၃၂၅ ဒေါ်လာ အထိ ကျနေပြီး၊ ဒီဈေးနှုန်းဟာ ၂၀၀၇ ခုနှစ် နိုဝင်ဘာလကနေ ယနေ့အချိန်အထိ ကာလအတွင်းမှာ အနိမ့်ဆုံးနှုန်းကို ကျသွားတာလည်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့အပတ်တုန်းကတော့ အဲဒီဆန်တစ်တန်ဟာ အမေရိကန် ဒေါ်လာ ၃၂၅ ကနေ ၃၃၀ ဝန်းကျင်မှာ ရှိနေခဲ့ပါတယ်။ စာချုပ်အသစ်တွေ ထပ်မချုပ်တာရယ်၊ ဖိလစ်ပိုင်က အဝယ်ကျသွားတာရယ်၊ ဆန်ဝယ်လက်ကြီးတွေ အနေနဲ့လည်း ပြည်တွင်းလယ်သမားတွေကို အကူအညီ ပေးဖို့အတွက် ဆန်ဝယ်ယူတင်သွင်းမှုကို လျှော့ချလာနိုင် တယ်လို့ ခန့်မှန်းထားတာတွေကြောင့် ဗီယက်နမ် ဈေးကွက်က ငြိမ်သွားပါတယ်။ ဈေးနှုန်းကလည်း ဒီနှစ်အစောပိုင်းနဲ့ ယှဉ်လိုက်ရင် ၁၃ ရာခိုင်နှုန်းလောက် ကျသွားတယ်။ " ဒီတစ်ပတ်မှာလည်း ဝယ်လိုအားက ကျနေတုန်းပဲ" လို့ ဟိုချီမင်းမြို့ အခြေစိုက်ကုန်သည်တစ်ဦးက ပြောပါတယ်။ လက်ရှိမှာတော့ စက်တင်ဘာ ၁ ရက်ကနေ ၁၅ ရက်အတွင်း ဟိုချီမင်း ဆိပ်ကမ်းတွေမှာ ဆန်တန်ချိန် ၈၂,၄၅၀ ခန့် သင်္ဘောတင်ဖို့ စီစဉ်ထားပြီး၊ အများစုဟာ အာဖရိကနဲ့ ဖိလစ်ပိုင် ကုန်သည်တွေ ဆီကို ပို့မှာပါ။

ဆန်တင်ပို့မှုအများဆုံးရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ ၅ မှတ်ဆန်ကတော့ ပြီးခဲ့တဲ့သတင်းပတ်မှာ အမေရိကန် ဒေါ်လာ ၃၆၉ ဒေါ်လာကနေ ၃၇၄ ဒေါ်လာဝန်းကျင် ရှိနေရာကနေ အခုအခါမှာတော့ တစ်တန်ကို အမေရိကန် ဒေါ်လာ ၃၇၀ ကနေ ၃၇၆ အထိ တက်လာပါတယ်။ ဒါဟာ အာဖရိက နိုင်ငံတွေက ဝယ်လိုအားများလာတာရယ်၊ ရူပီး ဈေးတက်လာတာရယ်ကြောင့်ပါ။ ပြည်တွင်းမှာလည်း စပါးအဝင်နည်းနေပြီး ဈေးကလည်းမာနေ တော့ ဆန်တင်ပို့တဲ့ ကုန်သည်တွေအနေနဲ့ ဈေးတင်ပြီး ပို့နေရတယ်လို့ အန္ဒရာပရာဒက်ရှ်ပြည်နယ်က ကာကီနာဒါမြို့ အခြေစိုက်ပို့ကုန်လုပ်ငန်းရှင် တစ်ဦးကပြောပါတယ်။ ဒီတစ်ပတ် ကြာသပတေးနေမှာ ရူပီး ဈေးဟာ သုံးပတ်တာကာလအတွင်း အမြင့်ဆုံးကို ရောက်သွားပါတယ်။ အိန္ဒိယနိုင်ငံရဲ့

ဧပြီကနေ ဇူလိုင်လ အတွင်း ဆန်တင်ပို့မှုဟာ ဆန်တန်ချိန် ၃ ဒသမ ၁၄ သန်း တင်ပို့ခဲ့ပြီး၊ ပြီးခဲ့တဲ့နှစ်ကထက် ၂၆ ဒသမ ၅ ရာခိုင်နှုန်း တက်လာခဲ့ပါတယ်။

ထိုင်းနိုင်ငံမှာတော့ ငါးမှတ်ဆန်ဈေးဟာ ဒီသီတင်းပတ်မှာ ဆန်တန်ချိန် တစ်တန်ကို အမေရိကန် ဒေါ်လာ ၄၁၀ ကနေ ၄၁၈ ဒေါ်လာကို ကျသွားပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်ကတော့ အမေရိကန်ဒေါ်လာ ၄၁၀ ကနေ ၄၂၂ ကြားထိ ရှိခဲ့ပါတယ်။ "ရိတ်သိမ်းရာသီအပြီးမှာ ပြီးခဲ့တဲ့လက ဈေးကွက်ထဲကို ဆန်တွေအသစ်ဝင်လာတယ်။ ဒါပေမယ့် ဝယ်လိုအား နည်းတဲ့အတွက် ဈေးတွေကျနေတယ်" လို့ ဘန်ကောက် အခြေစိုက် ကုန်သည်တစ်ဦးက ဆိုပါတယ်။ ဒါပေမယ့် ဆန်အဓိက စိုက်ပျိုးတဲ့ဒေသမှာ လပေါင်းများစွာ မိုးခေါင်ခဲ့ပြီး တဲ့နောက် ပြီးခဲ့တဲ့ ပိုဒူးမုန်တိုင်းကြောင့် စိုက်ဧကပေါင်း ဟက်တာ နှစ်သိန်းခွဲနီးပါးလောက် ပျက်စီးသွားတဲ့အတွက် ဆန်အထွက်နှုန်းကျမှာကို စိုးရိမ်နေကြပါတယ်။ "မိုးခေါင်တာရယ်၊ ရေကြီး တာရယ်ကြောင့် ဆန်အထွက်နှုန်းကျနိုင်တဲ့အတွက် နောင်မှာ ဈေးတွေတက်လာနိုင်တယ်။ ဒါပေမယ့် အခုလို ဈေးကျ နေတာတောင် ထိုင်းဆန်ဈေးက ဗီယက်နမ်နဲ့ ထိုင်းဆန်ဈေးထက် များနေသေးတယ်" လို့ အခြား ကုန်သည်တစ်ဦးက ဆိုပါတယ်။ ဘတ်ငွေဈေးမြင့်နေတာကြောင့် ထိုင်းဆန်ဈေးတွေက ပြိုင်ဘက်နိုင်ငံတွေရဲ့ ဆန်ဈေးထက် မြင့်နေ တဲ့အတွက် ထိုင်းကုန်သည်တွေက အခက်ကြုံနေရပါတယ်။ ထိုင်းဆန်ဈေးက ပျမ်းမျှ အမေရိကန်ဒေါ်လာ ၄၀၉ ဒေါ်လာ ဝန်းကျင်ရှိနေ တဲ့အတွက် ၂၀၁၈ ခုနှစ် ဖွန်လကနေ အခုအချိန်အထိ အမြင့်ဆုံးနီးပါး ဖြစ်နေပါတယ်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံကတော့ ရေကြီးမှုဒဏ်ကို တော်တော်လေး ခံခဲ့ရတာကနေ ပြန်ပြီး သက်သာလာချိန် မှာ ဒီလ အတွင်းမှာပဲ ရေကြီးရေလျှံမှုတွေ ဖြစ်နိုင်တယ်လို့ မိုးလေဝသဌာနက ခန့်မှန်းထားတဲ့အတွက် သီးနှံတွေ ထပ်ဆုံးရှုံးရနိုင်ချေ ရှိနေပါတယ်။ ပြီးခဲ့တဲ့ ဇူလိုင်လအတွင်းက ဖြစ်ပွားခဲ့တဲ့ရေကြီးရေလျှံမှုတွေက ဆန်တန်ချိန် လေးသိန်းလောက် ထွက်နိုင်တဲ့ ပမာဏလောက်ကို ပျက်စီးစေခဲ့ပါတယ်။

Source:Bangkok Post

Source:https://www.facebook.com/amiamyanmar/posts/2435870103165138?__tn__=K-R

## တရုတ်နိုင်ငံမှ အာလူးမျိုးသန့် တန်ချိန် တစ်ထောင်ဝန်းကျင် တင်သွင်းသွားမည်

တရုတ်နိုင်ငံမှ အာလူးမျိုးသန့် တန်ချိန် တစ်ထောင်ဝန်းကျင်ခန့် ပြည်တွင်းသို့ တင်သွင်းသွား မည်ဖြစ်ကြောင်း ဟဲဟိုးမြို့နယ်၊ အာလူးအစုအဖွဲ့ထံမှ သိရသည်။ လက်ရှိတွင် တရုတ်နိုင်ငံဘက်မှ အာလူးအရွယ်အစားမှာ ကြီးနေသည့်အတွက် ပြည်တွင်း၌ ပြန်လည်ဆွေးနွေး ရမည်ဖြစ်ပြီး၊ ယခုလပတ်တွင် ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။



အာလူးမှာ ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်ရာတွင် မျိုးသန့် ဝယ်ယူမရသည့်အတွက် စားသုံးသည့် အာလူးများကို စိုက်ပျိုးရသဖြင့် အထွက်နှုန်းနှင့် ဈေးကွက်များတွင် မျက်နှာပန်းမလှခြင်းကြောင့် ပြည်ပမှ တင်သွင်း ရခြင်းဖြစ်ကြောင်း သိရသည်။ ဟဲဟိုးမြို့နယ်၊ အာလူးအစုအဖွဲ့၊ ဒုတိယဥက္ကဋ္ဌ ဦးနေဝင်းထွန်းက " အာလူးမျိုးက ပြည်တွင်းမှာ မျိုးမသန့်တော့ဘူး။ အထွက်နည်း နေတယ်။ ပြီးတော့ သူ့ရဲ့မျိုးရိုးဗီဇ နိမ့်ကျလာတယ်။ ဒီတော့ တစ်ဧကကို ပိဿာချိန် သုံးထောင်၊ လေးထောင်ကြားပဲ ထွက်တော့ တယ်။ အပြင်က မျိုးသန့်ဝယ်တော့ အမြင့်ဆုံး ပိဿာချိန် ကိုးထောင်၊ တစ်သောင်းအထိ အထွက်နှုန်းရှိတယ်။ အနိမ့်ဆုံးတောင် ပိဿာချိန် ခုနစ်ထောင်အထိထွက်တယ်။ အာလူးမျိုးကြီးတယ်ဆိုတာက အာလူးကြီး တော့ ပြန်ခြမ်းစိတ်ရတာတွေ၊ ကုန်ကျစရိတ်ပိုတဲ့အတွက် တောင်သူတွေ သဘောကျ၊ မကျ ပြန်ဆွေးနွေးရမှာပါ " ဟု ပြောသည်။

စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများထံတွင် မျိုးသန့်ဝယ်ယူ မရသည့်အတွက် နှစ်စဉ်နှစ်တိုင်း အခက်အခဲ ရောက် နေခြင်းကို ဖြေရှင်းနိုင်ရန်အတွက် ပြီးခဲ့သည့်နှစ်မှစတင်ကာ တရုတ်နိုင်ငံမှ အာလူးမျိုးသန့်များ ဝယ်ယူတင်သွင်းခြင်း ဖြစ်ကြောင်း သိရသည်။ဟဲဟိုးမြို့နယ်မှ အာလူးစိုက်ပျိုးသည့် တောင်သူဦးဇော်လင်းက " သီးနှံတွေမှာ အရည်အသွေးနဲ့ အထွက်နှုန်း အပေါ် မူတည်ပြီး ဈေးကွက်ကို မျှော်လင့်ရတယ်။ ဒါပေမယ့် တောင်သူတွေမှာက မျိုးမသန့်တော့ ဈေးကွက်ကို မှန်းလို့မရဘူး။ မျိုးသန့်ရမှသာ ဒီစိုက်ပျိုးတဲ့ ပြဿနာတွေ ဖြေရှင်းနိုင်မယ်" ဟု ပြောသည်။ ပြည်ပမှ တင်သွင်းပါက အာလူး တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃၅၀ ခန့် အသားတင်ကျသင့်မည်ဖြစ်ပြီး၊ သယ်ယူစရိတ်၊ တင်သွင်းခွင့်နှင့် အခွန်နှုန်းထား စရိတ်များ မပါဝင်သေးကြောင်း သိရသည်။ "ကျွန်တော်တို့ အခွန်နှုန်းထားကိုတော့ လျှော့ပေးဖို့ အစိုးရဌာနဆိုင်ရာကို

တင်ပြထားတယ်။ လျှော့ပေးရင်တော့ သက်သာမှာပေ့ါဗျာ။ ဘယ်လိုကျသင့်အုံးမလဲတော့ မသိသေးဘူး” ဟု ဦးနေဖင်းထွန်း ကဆက်လက်ပြောသည်။

Source: https://www.facebook.com/amiamyanmar/posts/2437422156343266?__tn__=K-R

## ကမ္ဘာ့အကြီးဆုံး ရော်ဘာတင်ပို့သူဖြစ်လာတဲ့ ထိုင်း

ထိုင်းကတော့ ကမ္ဘာ့အကြီးဆုံး ရော်ဘာတင်ပို့သူနိုင်ငံဖြစ်လာခဲ့ကြောင်း ထိုင်းကုန်သွယ်ရေးဝန်ကြီးဌာနရဲ့ ကုန်သွယ်ညှိနှိုင်းရေးဌာန DTN က ထုတ်ပြန်ပါတယ်။ ဒါဟာ တရုတ်နဲ့ အခြားနိုင်ငံတွေနဲ့အကြား လွတ်လပ်စွာ ကုန်သွယ်မှုစာချုပ်တွေရဲ့ အကျိုးကျေးဇူးကြောင့် တရုတ်ဟာ ထိုင်းရဲ့ အကြီးဆုံး ဈေးကွက်ဖြစ်နေ ခြင်းနဲ့အတူ ခုလိုကမ္ဘာ့အကြီးဆုံး ရော်ဘာတင်ပို့သူ ဖြစ်လာတာဖြစ်တယ်လို့ သိရပါတယ်။



၂၀၁၈ ခုနှစ်က ထိုင်းနိုင်ငံရဲ့ ရော်ဘာတင်ပို့မှုဟာ ခန့်မှန်းခြေအားဖြင့် ကန်ဒေါ်လာ ၄ ဒသမ ၆ ဘီလီယံကျော်အထိ ရှိခဲ့ပြီး ယင်းဟာ နိုင်ငံရဲ့ စုစုပေါင်း ပို့ကုန်ရဲ့ ၁ ဒသမ ၈၂ ရာခိုင်နှုန်းနဲ့ညီမျှကြောင်း DTN ရဲ့ ညွှန်ကြားရေးမှူးချုပ် Auramon Sapthaweetham က ပြောပါတယ်။ “ တရုတ်ဟာ ထိုင်းရဲ့ အကြီးဆုံး ဈေးကွက်ဖြစ်နေပါပြီ။ ထိုင်းရော်ဘာ တန်ဖိုး ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံ ကို သူတို့တင်သွင်းခဲ့ပါတယ်။ ဒါဟာ ၂၀၁၈ ခုနှစ်က ထိုင်းရဲ့ စုစုပေါင်း ရော်ဘာတင်ပို့မှုရဲ့ ၄၃ ရာခိုင်နှုန်းဖြစ်ပါတယ်”လို့ Auramon ကပြောသွား ပါတယ်။ ထိုင်းနိုင်ငံကတော့ အရှေ့တောင်အာရှနိုင်ငံတွေ၊ အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့လို နိုင်ငံတွေဆီကိုလည်း ရော်ဘာတွေ တင်ပို့နေလျက်ရှိပါတယ်။

Source: https://www.facebook.com/pg/SFJWeekly/posts/

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မြေပဲနှမ်းဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပ

မြေပဲနှမ်းဆီထွက်သီးနှံဖွံ့ဖြိုးတိုးတက်ရေးအလုပ်ရုံဆွေးနွေးပွဲကသာမြို့နယ်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်၏ကိုယ်စားမြို့နယ်ဥက္ကဋ္ဌမှ ယခုလိုကျင်းပပြုလုပ်ပေးတဲ့စားသုံးသူရေးရာဦးစီးဌာနကို ကျေးဇူးတင်ကြောင်းယခုလို ဆွေးနွေးပွဲများ များများလုပ်သင့်ကြောင်းနှင့် လွန်စွာအကျိုးရှိကြောင်း အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူးမှ စားသုံးသူရေးရာဦးစီးဌာနသည် ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ငန်းများပါ တွဲလျှက်လုပ်ကိုင်လျှက်ရှိကြောင်း အသင်းအဖွဲ့များ ရှင်သန်နေရန် လိုအပ်ပြီး 3P ဖြစ်နေရန်လိုအပ်ကြောင်း၊ ဆွေးနွေးပွဲမှာ စားပွဲဝိုင်းဖေါ်ထုတ်ချက်များရယူပြီး တိုင်းအဆင့် ပြည်ထောင်စု အဆင့် တင်ပြ သွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားပါသည်။ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနဦးစီးအရာရှိမှ တောင်သူများကိုအသိပညာပေးဟောပြောခဲ့သည်မှာ အကြိမ်ကြိမ်အခါခါရှိနေပြီဖြစ်ပြီး လိုက်နာမှုမရှိကြကြောင်း လိုအပ်တာထပ်တလဲလဲတင်ပြနေကြောင်း မိမိစိုက်သီးနှံပင်၏ စကားသံကို နားထောင်ရ မည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။ ကသာဖုံပဲအသင်းအတွင်းရေးမှူး ဦးမြင့်သိန်း မှ စာတမ်း ဖတ်တင်ပြခြင်း၊ ကသာဆီစက် လုပ်ငန်းရှင်အသင်းဥက္ကဋ္ဌမှ စာတမ်းဖက်တင် ပြခြင်း၊ စားပွဲဝိုင်း အဖွဲ့ ၃ ဖွဲ့မှ ဖေါ်ထုတ်ချက် ၁၅ ချက်တင် ပြဆွေးနွေးခြင်း သက်ဆိုင်ရာဌာနများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများဆွေး နွေးကြပါသည် ။ ဆွေးနွေးပွဲကို တက်ရောက်ပေးသည့် အင်းတော်မြို့နယ်အုပ်ချုပ်ရေးမှူး၊ မဲဇာဒေသ ဆီစက်လုပ်ငန်းရှင်များ ကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို ကသာပဲအသင်း ဆီစက်လုပ်ငန်းရှင်များအသင်း ပဲတောင်သူများ ပါတီကိုယ်စားလှယ်များ ဌာနဆိုင်ရာများ တက်ရောက်ခဲ့ ပါသည်။



Source: ကိုကြည် -အင်းတော် DOCA ၁၉ ၉ ၂၀၁၉

## ကိုရီးယားကော်ပိုရေးရှင်းတစ်ခုက ဆန်ကြိတ်ခွဲစက်ရုံကို တွံတေးတွင် ဖွင့်လှစ်

ကိုရီးယား Posco ကော်ပိုရေးရှင်းက တွံတေးမှာ တစ်နှစ်လျှင် ဆန်တန်ချိန် ရှစ်သောင်းခွဲကျော် ကြိတ်ခွဲနိုင်မယ့် စက်ရုံကို စက်တင်ဘာလဆန်းက တည်ဆောက်ပြီးစီးပြီး ဆန်ချောကို တရုတ်၊ အရှေ့အလယ်ပိုင်းနဲ့ ဥရောပသို့ တင်ပို့သွားမှာဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက သတင်းထုတ်ပြန်ထား ပါတယ်။



အဆိုပါစက်ရုံဟာ ကိုရီးယားကော်ပိုရေးရှင်းရဲ့ မြန်မာနိုင်ငံမှာ ဒုတိယမြောက် ဆန်ကြိတ်ခွဲစက်ရုံဖြစ်ပြီး ယခင်က လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်မှာ တစ်နှစ်လျှင် တန်ချိန် (၁၅,၀၀၀) ကြိတ်ခွဲနိုင်မယ့် ဆန်စက်ကို တည်ထောင်ထားပါတယ်။ အဆိုပါ ကော်ပိုရေးရှင်းက မြန်မာ့ဆန်ကို စပါးခွဲချွတ်ခြင်း၊ သိုလှောင်ခြင်း၊ အရောင်တင်ခြင်းနဲ့ ရောင်းချခြင်းစတဲ့ လုပ်ငန်းများ လုပ်ဆောင်ပေး မှာဖြစ်ပါတယ်။ ဒါ့ပြင် ကိုရီးယားကော်ပိုရေးရှင်းက ဆန်ကြမ်းကို အရည်အသွေးကောင်းအောင် ပြုလုပ်ပြီး တရုတ်၊ အာရှအလယ်ပိုင်းနဲ့ ဥရောပကို တင်ပို့နိုင်ရန်ဖြစ်ပြီး နိုင်ငံအတွက် ဈေးကွက်ဝေစု ရှာဖွေပေးရန်ဖြစ်ပါတယ်။ ယခုစက်ရုံဟာ တွံတေးမြို့နယ်မှာ အခြေစိုက်ပြီး ဧရာဝတီတိုင်းနဲ့ ရန်ကုန်တိုင်းရှိ ပို့ဆောင်ရေး ဆိပ်ကမ်းနေရာတို့ကို ချိတ်ဆက်ပေးမှာဖြစ်ပါတယ်။ Source: 7Day Daily

Source:https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2357-

# ပြည်ပကုန်သွယ်မှုသတင်း

## အီးယူဈေးကွက်တွင် မြန်မာ့ဆန်ဈေးကွက် ပိုမိုရရှိနိုင်ရန် သွားရောက်ဆွေးနွေးမည်

အီးယူဈေးကွက်တွင် မြန်မာ့ဆန်ဈေးကွက်ပိုမိုရရှိနိုင်ရန် လာမည့်အောက်တိုဘာလအတွင်း သွားရောက်တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှသတင်းရရှိ သည်။

အီးယူနိုင်ငံများအနေဖြင့်ယခင်ကဆန်လုံးရှည်အမျိုးအစားကိုမြန်မာနိုင်ငံနှင့်ကမ္ဘောဒီးယားနိုင်ငံများသို့အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားရာမှ ယခုနှစ်ဆန်းပိုင်းတွင် ရုပ်သိမ်းလိုက်သည့် အတွက် ဆန်တင်ပို့မှု လျော့နည်းသွားကြောင်းသိရသည်။ "အသင်းချုပ်က တာဝန်ရှိသူတွေနဲ့ ပြည်ပတင်ပို့တဲ့ ကုန်သည်တွေသွားကြမယ်။ အီးယူနိုင်ငံက ကုန်သည်တွေနဲ့ ထိပ်တိုက်ဆွေးနွေးမယ်။ အခု ရုပ်သိမ်းလိုက်တဲ့ ဆန်လုံးရှည်ကိစ္စကိုလည်း ဆွေးနွေးမယ်။ ဘာလို့လဲဆိုတော့ သူတို့ပိတ်လိုက်တဲ့ အမျိုးအစားနဲ့ မြန်မာကတင်ပို့တဲ့ ဆန်လုံးချွန် အမျိုးအစားမှာ သတ်မှတ်ချက်ထက် အရွယ်အစားတိုတာကြောင့် သတ်မှတ်တာနဲ့ လွတ်တယ်။ ဒါကိုဆွေးဖို့ရှိတယ်"ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အီးယူနိုင်ငံမှ ယခင်ရရှိနေသည့် အခွန်ကင်းလွတ်ခွင့်ဈေးကွက် ပြန်လည်ရရှိရန် ဆောင်ရွက်မည့်အတွက် အခွန်ကင်းလွတ်ခွင့်ရရှိသည့် ဆန်အမျိုးအစားနမူနာကို ယူဆောင်ကာ ရှင်းလင်းမည့် အပြင်ဈေးကွက်သစ်များလည်းရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ "ဒီလိုဈေးကွက် သစ်တွေ ဘာလို့လဲရှာရလဲဆိုတော့ တရုတ်နယ်စပ်ကနေ တင်ပို့မှုက ပြည်ပတင်ပို့မှု အားလုံးရဲ့ ၆၀ ရာခိုင်နှုန်းရှိပြီးနောက်ပိုင်းမှာ လုံးဝတင်ပို့နိုင်မှု အခက်အခဲရှိလာရင် ပြည်တွင်းအတွက် ထိခိုက်နိုင်တာကြောင့် ဈေးကွက်သစ်ရရှိအောင် ရှာဖို့ကြိုးပမ်းတဲ့ သဘောပါပဲ" ဟု မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်မှ တာဝန် ရှိသူတစ်ဦးက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် တရုတ်နယ်စပ်ကုန်သွယ်မှု ဈေးကွက်အခက်အခဲရှိ လာသည့်အတွက် ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းမှရရှိနိုင်သည့်ဈေးကွက်အခွင့်အလမ်းများကို ချိတ်ဆက် ရှာ ဖွေလျက်ရှိကြောင်းသိရသည်။

Source: https://www.facebook.com/amiamyanmar/posts/2450707835014698?__tn__=K-R

## မြန်မာ့ကော်ဖီကို ဂျပန်နှင့် အင်္ဂလန် နိုင်ငံများသို့ တိုက်ရိုက်ချိတ်ဆက် တင်ပို့နိုင်ရေး ဆောင်ရွက်နေ

မြန်မာ့ကော်ဖီကို ဂျပန်နှင့်အင်္ဂလန်နိုင်ငံများသို့တိုက်ရိုက်ချိတ်ဆက်တင်ပို့နိုင်ရေးဆောင်ရွက်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းမှသတင်းရရှိသည်။ "ရှမ်းပြည်နယ်၊ ရှာင်ဒေသထွက် အဆင့်မြင့်ကော်ဖီတွေကို ထုတ်လုပ်တင်ပို့နိုင်ဖို့ ကြိုးပမ်းနေသလို ချင်းပြည်နယ်က ဈေးကွက်ရှိတဲ့ ကော်ဖီကို ဈေးကွက်ချိတ်ဆက် တင်ပို့နိုင်ရေး အစီစဉ်တွေ တိုးမြှင့်ဆောင်ရွက်



နေတယ်” ဟု အသင်း၏နာယက ဦးရဲမြင့်က ပြောသည်။ ထို့ပြင် ကော်ဖီကဏ္ဍဖွံ့ဖြိုးလာစေရန် မျိုးစေ့ထုတ်လုပ်ခြင်းနှင့် အရည်အသွေးထိန်းသိမ်းခြင်းလုပ်ငန်းများ၊ မျိုးကောင်း၊ မျိုးသန့်များကို ထုတ်လုပ်ခြင်းရာတွင် ဆောင်ရွက်ရမည့် ကျင့်စဉ်များ၊ ကော်ဖီ၊ နည်းပညာနှင့် လူ့စွမ်းအား ဖွံ့ဖြိုးရေးဆောင်ရွက်ရာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ စိစစ်ပြီး အသိမှတ်ပြု လက်မှတ်များ ထုတ်ပေးခြင်းဖြင့် အသိအမှတ်ပြု လက်မှတ်ရရှိရေး သက်ဆိုင်ရာဌာနများ၏ အားပေး ပံ့ပိုးမှုများ လိုအပ်ကြောင်း သိရသည်။ ထို့ကြောင့် ဈေးကွက် ထိုးဖောက်နိုင်ရေးအတွက် မြန်မာ့ကော်ဖီ စိုက်ပျိုးထုတ်လုပ် ရောင်းချမှုကို အားပေးမြှင့် တင်သွားနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကို စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ယခု စက်တင် ဘာလ ၉ ရက်က တွေ့ဆုံဆွေးနွေးထားကြောင်း သိရ သည်။

လက်ရှိတွင် မြန်မာ့ကော်ဖီ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၃,၈၀၀ မှ ၄,၀၀၀ ခန့်ဖြင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး တောင်ကိုရီးယား၊ ဂျပန်နှင့် တိုင်ပေနိုင်ငံများသို့ အာရေဘီကာ ကော်ဖီကို အဓိက တင်ပို့ရောင်းချ နေကြောင်း သိရသည်။ လက်ရှိ ကော်ဖီပင် စိုက်ပျိုးမှုနှင့် ဈေးကွက်ရရှိမှုမှာ ၂၀၁၆ ခုနှစ်ကထက် ၁၁ ရာခိုင်နှုန်းခန့် ပိုမိုရရှိလာပြီး၊ မြန်မာ့ ကော်ဖီ အရည်အသွေးပိုင်း အားကောင်း လာကာ ရှာငံမြို့နယ် တစ်ခုထဲမှာပင် စိုက်ဧက စုစုပေါင်း ၆,၆၀၀ ဧက ကျော် ရှိလာကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ကော်ဖီတန်ချိန် ၇,၀၀၀ ခန့် ထွက်ရှိပြီး၊ ၅၀ ရာခိုင်နှုန်းခန့်ကို ပြည်ပသို့ တင်ပို့နေကာ မန္တလေးတိုင်း၊ ပြင်ဦးလွင်၊ ရှမ်းပြည်နယ်အတွင်းရှိ မိုးကုတ်နှင့် နောင်ချိုဒေသများမှ အဓိက ထွက်ရှိခြင်းဖြစ် ကြောင်း သိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် ကော်ဖီကို ပြည်ပမှ နှစ်စဉ် ကန်ဒေါ်လာ သန်း ၁၀၀ ကျော်ဖိုးထိ တင်သွင်းသုံးစွဲ နေသည့်အတွက် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်မှု တိုးချဲ့ရန် နည်းပညာနှင့် အရင်းအနှီးများ လိုအပ်နေကြောင်း ကော်ဖီ စိုက်ပျိုးသူများနှင့် ကုန်သည်များက ပြောသည်။ ထို့ပြင် နေရာဒေသအလိုက် ကော်ဖီစိုက်တောင်သူများ ပါဝင်သည့် အစုအဖွဲ့များ တည်ထောင်ပေးခြင်း၊ အစုအဖွဲ့အချင်းချင်း နည်းပညာမျှဝေနိုင်ခြင်း၊ ကော်ဖီထုတ်ကုန်များအား တန်ဖိုးမြှင့် ထုတ်ကုန် ဖြစ်လာစေရန် ဒေသ ဆိုင်ရာဌာနများမှ ပံ့ပိုးပေးခြင်းတို့ကိုလည်း လိုအပ်နေကြောင်း ကော်ဖီစိုက်တောင်သူများနှင့် ကုန်သည်များကဆိုသည်။

Source:https://www.facebook.com/amiamyanmar/posts/2446740042078144?__tn__=K-R

## သရက်ကို တရုတ်ကိုသာမက နိုင်ငံတကာသို့ ပို့နိုင်ရန်လိုအပ်နေ

မြန်မာ့သရက်သီးများ တရုတ်သို့ အဓိကထားတင်ပို့နေသော်လည်း နိုင်ငံတကာသို့ ချိတ်ဆက်နိုင်မှသာ တန်ချိန် များလာမည်ဖြစ်ကြောင်း သရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများကပြောသည်။ Global GAP လက်မှတ်ကို ပထမဆုံး ရရှိခဲ့သော မြတ်ရတနာသရက်ခြံပိုင်ရှင် ဦးစိုးသန်း ကသုံးသပ်ပြောကြားသည်။ “အစိုးရ ဘက်ကတချို့ကိစ္စတွေက လက်ရှိကုန်သွယ်ရေးပိုင်းကို မကျွမ်းကျင်တာလား၊ ကိုယ်တောင်း ဆိုရမှာကို မတောင်းဆိုတာတွေလည်း တွေ့ရတယ်။ အစိုးရက တောင်းဆိုရမှန်းမသိဘူး။ မကျွမ်းကျင်ဘူး။ ဌာနတွေများတယ်။ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်ဖို့ တွေလိုမယ်။ စိုက်ပျိုးပြီးသားသီးနှံကိုတင်ပို့ဖို့ကျတော့ စီးပွားကူးသန်းနဲ့ ဆိုင်တော့ စိုက်ပျိုးရေးဌာနနဲ့ စီးပွားကူးသန်း အခုထက်ပိုပြီး ပူးပေါင်းဆောင်ရွက်ဖို့လိုမယ်လို့ မြင်ပါတယ်”ဟု ၄င်းက ပြောသည်။



သရက်စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်ဘက်ပေါင်းစုံက ပံ့ပိုးကူညီပေးရန် လိုအပ် ကြောင်း၊ အစိုးရချင်း ချိတ်ဆက်ဆောင်ရွက်မှုဖြင့် ညှိနှိုင်းဆွေးနွေးခြင်း၊ စိုက်ပျိုးသူများ ဘက်က အရည်အသွေးကောင်းမွန်ပြီး စံချိန်စံညွှန်းနှင့်ညီသော သီးနှံအမည်များ ထုတ်လုပ်ခြင်း၊ ကုန်သည်များဘက်ကလည်း ဈေးကွက်ရှာခြင်းတို့ကို ဆောင်ရွက် သင့်ကြောင်းသိရသည်။ “အစိုးရအချင်းချင်း ညှိနှိုင်းဆောင်ရွက်ပေးမှရမယ့် ကိစ္စတွေရှိမယ်။ တောင်သူကိုယ်တိုင်လုပ်လို့ မရတာတွေ ရှိတယ်။ တရုတ်ကို ပို့မယ်ဆိုရင် မူဆယ်တစ်ပေါက်ပဲ ဖွင့်ထားတယ်။ လေယာဉ်နဲ့ ကွမ်ကျိုးပို့ချင်လည်း မရဘူး။

ဒါကြောင့် အစိုးရအချင်းချင်း ညှိနှိုင်းရမယ်။ ဥပမာ - ထိုင်းနိုင်ငံမှာဆိုရင် သူ့နိုင်ငံက ထွက်သမျှ အသီးကို အစိုးရက ဦးဆောင်တယ်။ ဈေးကွက်ကို ဘယ်လိုထိုးဖောက်ရမလဲ ညှိနှိုင်းပြီး ဈေးကွက် သေချာမှ တောင်သူကိုစိုက်ပျိုးခိုင်းတယ်။ ပြည်တွင်းမှာဆို ရှိရင်းစွဲဘာသီးနှံတွေရှိလဲ။ သီးနှံအမည်တွေများပြီး တကယ့် လက်တွေ့ကျ ဈေးကွက်မထိုးဖောက်နိုင်တာ ကျတော့ တောင်သူကဖန်တီးယူလို့မရဘူး။ အစိုးရကစိတ်ဝင်စားမှု အားနည်းတာလား၊ မကျွမ်းကျင်တာလား မေးခွန်း

ထုတ်စရာ ဖြစ်လာတယ်”ဟု ၎င်းက ဆက်လက်ပြောသည်။ စိန်တလုံးသရက်ကို တရုတ်သာမက စင်ကာပူ၊ ဥရောပ၊ အရှေ့အလယ်ပိုင်းဒေသများအထိ ဈေးကွက်ရှိသော်လည်း တန်ချိန် အနည်းငယ်မျှသာ တင်ပို့နိုင်သေးကြောင်း သိရသည်။

